တက္ကသိုလ်မှ စိတ်ပညာ အဓိက ဘာသာဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့။ ထို့နောက် D.B.L ၊ D.I.L နှင့် Dip. In Global English ဘွဲ့များ ရရှိခဲ့သည် ။

ဓမ္မဂီရိ မဂ္ဂဇင်း၊ ဓမ္မတံခွန် မဂ္ဂဇင်း၊ ဓမ္မတံခွန် ဘာသာရေး စာစောင်၊ သားရွှေစင် မဂ္ဂဇင်း၊ စန္ဒာ ရုပ်စုံ မဂ္ဂဇင်း၊ မင်္ဂလာ မောင်မယ် စာစောင်၊ စံကားပွင့် မဂ္ဂဇင်း၊ သုတမျက်ရှု မဂ္ဂဇင်း၊ မင်္ဂလာ ဝတ်မှုန် မဂ္ဂဇင်း၊ သတင်းလွှာ စာစောင်၊ ရန်နံ့သစ် မဂ္ဂဇင်း၊ စာပေ ဂျာနယ် စသည် တို့ တွင် အယ်ဒီတာအဖြစ် တာဝန် ထမ်းဆောင်ခဲ့။

ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသော စာမူမှာ ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'ယုဝတီ ဂျာနယ်' တွင် ပါဝင်သည့် 'ပန်းစံပယ်' ကဗျာ ဖြစ်၍ ပထမဆုံး ထုတ်ဝေခဲ့သည့် လုံချင်း စာအုပ်မှာ ပန်းမျိုးတစ်ရာ စာပေမှ ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သော 'အဂ္ဂမဟာ သေနာပတိ ဝန်ကြီး သတိုး သုဓမ္မ စစ်သူကြီး မဟာဗန္ဓုလ' အတ္ထုပ္ပတ္တိ စာအုပ်ဖြစ်သည် ။

ယခုအထိ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ တွင် စာပေ အနုပညာ ယဉ်ကျေးမှု ရေးရာ ဆောင်းပါးများ ၊ သုတ ရသ ဘာသာပြန် ဆောင်းပါးများ အပါအဝင် စုစုပေါင်း အပုဒ်ရေ နှစ်ထောင် ကျော်ခန့် ရေးသားခဲ့ပြီး လုံးချင်းစာအုပ်ပေါင်း ခြောက်ဆယ်ကျော် ရေးသားခဲ့ပြီး ဖြစ်သည် ။

ယခုအခါ 'ရတနာ ပန်းခင်း ရုပ်စုံ မဂ္ဂဇင်း' တွင် အယ်ဒီတာချုပ် တာဝန်ကို ထမ်းဆောင်လျက် ရှိသည် ။

*

ဂျာနယ် ထုတ်ဝေသူ ဦးမြင့်လွင်က ထုတ်ဝေပြီး 'သက်တန့်ရောင် နှင်းဆီပန်းခင်း' ထဲက စာပေ ရုပ်ပုံလွှာ ၁၂ ပုဒ် အပါအဝင် အပျိုစင် မဂ္ဂဇင်းတွင် ရေးသား ဖော်ပြခဲ့သမျှသော စာပေ ရုပ်ပုံလွှာ အားလုံးကို စုပေါင်း၍ ထုတ်ဝေချင် ကြောင်း၊ သူ့တွင် သိမ်းဆည်းထားသည့် အပျိုစင် မဂ္ဂဇင်းများ ထဲက ပြန်၍ မိတ္တူ ကူးပေးမည် ဖြစ်ကြောင်း ပြောပါသည် ။ သူ ကူးလာပေးသည့် မိတ္တူတစ်ထပ်ကြီးကို ကြည့်၍ မိမိ အတော် အံ့သြသွားသည် ။ စာရေးဆရာမပေါင်း အယောက် ၄၀ ၏ စာပေရုပ်ပုံလွှာကို ရေးသားနိုင်ခဲ့ပြီး စာဖတ်သူကို တင်ပြနိုင်ခဲ့ပြီ ဖြစ်၍ ဝမ်းသာသွားမိသည် ။ မိမိ ဤမျှ ရေးသားခဲ့သည် ဟု မထင်မိ။ မိမိတွင် လည်း ရေးသားခဲ့သမျှ စာမူများ ၊ စာအုပ်များကို 'နာဂစ်' က ဖျက်ဆီးသွားခဲ့ပြီ ဖြစ်သည် ။ အိမ်အမိုး လန်၊ ပြတင်းတံခါးများ ပြုတ်ထွက်ကာ စာအုပ်များ အတော်များများ ပျက်စီးကုန်ကြသည် ။ အပျိုစင် ဆောင်းပါးများ ၊ စာမူများ မိမိတွင် မရှိတော့။ ဆောင်းပါး စာမူများကို ကွန်ပျူတာဖြင့် စာစီရာ စာမျက်နှာ လေးရာကျော်ကျော် ဖြစ်သွားသည် ။ မူလက ပထမ စာအုပ် ထုတ်စဉ်ကကဲ့သို့ စာပေ ရုပ်ပုံလွှာ၏ နောက်တွင် ရုပ်ပုံလွှာရှင် စာရေးဆရာ၏ ဝတ္ထု၊ ကဗျာကို ရွေးချယ် ဖော်ပြခဲ့သည့် အတိုင်း ယခု စာအုပ်တွင် လည်း ဝတ္ထု တစ်ပုဒ်စီနှင့် ကဗျာတို့ ကို ထည့်သွင်း ဖော်ပြမည်ဟု စိတ်ကူးထားသော်လည်း ဆရာမ အယောက် ၄၀ ၏ စာပေ ရုပ်ပုံလွှာကပင် ဆယ်ချိုးအရွယ် စာဖောင် ၄၀ ကျော် နေပြီဖြစ်ရာ ဝတ္ထု၊ ကဗျာ များပါ ထည့်ပါက စာဖောင် ၈၀ ကျော် သွားမည် ဖြစ်၍ မူလအစီအစဉ်ကို ဝမ်းနည်းစွာဖြင့် ပယ်ဖျက်လိုက်ရပါသည် ။ နောင် တစ်ချိန်ချိန်တွင် မှာတော့ ထို ဝတ္ထု၊ ကဗျာများကို ဖြည့်စွက်ကာ ထုတ်ဝေနိုင်ဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည် ။

ယခု စာအုပ်သည် လွန်ခဲ့သော အနှစ် ၂၀ ကျော်က စာရေးဆရာမကြီးများ နှင့် ခေတ်ပြိုင် စာရေးဆရာမများ ၏ စာပေလက်ရာများကို စေ့ငုလေ့လာ တင်ပြထားသည့် စာပေ ရုပ်ပုံလွှာများ ဖြစ်ကြပါသည် ။ ပါဝင်သည့် စာရေးဆရာ အယောက် ၄၀ အနက် တချို့မှာ ကွယ်လွန်သွားကြရှာပြီ ဖြစ်သည် ။ ကွယ်လွန်သွားရှာပြီ ဖြစ်သည့် စာရေးဆရာမများအား အောက်ခြေ မှတ်ချက်၌ ကွယ်လွန် သည့် နှစ်၊ လ၊ ရက် တို့ ကို ဖော်ပြပေးထားပါသည် ။ တချို့ကား နိုင်ငံခြားသို့ ရောက်ရှိနေကြသည် ။ အများ စုကား စာပေ ရေစီးကြောင်းအတွင်း ဆက်လက် ပါဝင် စီးမျောလျက် ရှိပြီး တချို့ အနည်းငယ် မျှလောက်သာ သူတို့၏ စာများကို စာမျက်နှာပေါ်တွင် ဖျတ်ခနဲ ရံဖန်ရံခါ တွေ့ရတတ်လေသည် ။ ဆရာ ကြီး မြသန်းတင့်၏ ‘ကျွန်တော် ဆက်၍ ရေးချင်သော ဝတ္ထုများ ’ ကဲ့သို့ပင် မိမိလည်း အနှစ် ၂၀ ကျော် နောက်ပိုင်း ရေးသားခဲ့သည့် စာရေးဆရာမတို့ ၏ စာပေ လက်ရာများကို ဆက်လက် တင်ပြချင်ပါသေး သည် ။

အပျိုစင် မဂ္ဂဇင်းတွင် စာရေးဆရာမများ ၏ စာပေ ရုပ်ပုံလွှာကို စတင် ရေးသားခဲ့စဉ်က စာပေ ဝါစဉ်အလိုက် မဟုတ်ဘဲ ဝါရင့်၊ ဝါလတ်၊ ဝါငယ် စသည် ဖြင့် ဆရာမတို့ ၏ လက်ရာစုံကို တစ်လှည့်စီ ခံစား ဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ရေးသားခဲ့ရာ ပထမ စာအုပ်ကဲ့သို့ပင် ယခု စာအုပ်တွင်လည်း ယင်း အစီအစဉ်အတိုင်း အပျိုစင် မဂ္ဂဇင်းတွင် ရေးသား ဖော်ပြခဲ့သည့် နှစ်၊ လ အလိုက် စာပေ ရုပ်ပုံလွှာများ ကို စဉ်ထားပါသည် ။

‘သက်တန့်ရောင် နှင်းဆီပန်းခင်း’ ထုတ်ဝေစဉ်က မဂ္ဂဇင်း စာမျက်နှာ အနေအထားကြောင့် ချန်ထားခဲ့ရသည့် စာပိုဒ်များ ၊ ရည်ညွှန်း စာကိုး စာရင်းများကို ထပ်မံ ဖြည့်စွက်နိုင်ခဲ့သော်လည်း ယင်း ဆရာမ ၁၂ ဦးနှင့် ယခု နောက်ထပ် ၂၈ ဦး၊ ပေါင်း အယောက် ၄၀ ၏ စာပေ ရ

